ပုဂ္ဂိုလ်တစ်ဦးသည် လူတို့အား အကြွေးပေးလေ့ရှိသည်။၎င်းက မိမိ၏ အခိုင်းအစေအား သင်သည် ကျပ်တည်းသူဆီသို့အကြွေးသွားတောင်းလျှင် စောင့်ဆိုင်းပေးပြီး

နူးညံ့စွာဆက်ဆံပါ။ အလ္လာဟ်အရှင်မြတ်ကလည်း

ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန် မျှော်လင့်ရသည်ဟု

အမြဲပြောလေ့ရှိသည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ပုဂ္ဂိုလ်တစ်ဦးသည် လူတို့အား အကြွေးပေးလေ့ရှိသည်။ ၎င်းက မိမိ၏ အခိုင်းအစေအား
သင်သည် ကျပ်တည်းသူဆီသို့ အကြွေးသွားတောင်းလျှင် စောင့်ဆိုင်းပေးပြီး
နူးညံ့စွာဆက်ဆံပါ။ အလ္လာဟ်အရှင်မြတ်ကလည်း ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန်
မျှော်လင့်ရသည်ဟု အမြဲပြောလေ့ရှိသည်။ သို့ဖြစ်၍ ထိုသူသည် (ကွယ်လွန်ပြီးနောက်)
အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံခဲ့ရာ အရှင်မြတ်က သူ့အား ခွင့်လွှတ်တော်မူခဲ့သည်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် လူတို့အား ငွေကြေးချေးငှားသူ၊အကြွေးဖြင့် ရောင်းချသူ ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို မိန့်ကြားတော်မူခဲ့သည်။ ထိုသူသည်လူတို့ထံမှ အကြွေးလိုက်ကောက်သည့် မိမိ၏ အခိုင်းအစေအား သင်သည် မတတ်နိုင်သဖြင့်အကြွေးပြန်မဆပ်နိုင်သူထံ ရောက်သည့်အခါ နူးညံ့စွာဆက်ဆံပါ။ သူ့ထံမှအတင်းအကျပ်တောင်းဆိုခြင်းမပြုဘဲ နောက်ဆိုင်းပေးလိုက်ပါ သို့မဟုတ်အနည်းငယ်လျော့၍ရလျှင်လည်း သူ့တွင်ရှိသလောက်ကိုသာလက်ခံလိုက်ပါဟု အမြဲပြောလေ့ရှိသည်။ထိုသူသည် အလ္လာဟ်အရှင်မြတ်က မိမိအားခွင့်လွှတ်ချမ်းသာပေးလိမ့်မည်ဟူသောမျှော်လင့်ချက်ဖြင့် ဤသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ၎င်းသူကွယ်လွန်ပြီးနောက် အလ္လာဟ်အရှင်မြတ်သည် သူ၏အပြစ်အကုသိုလ်များကိုခွင့်လွှတ်တော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/3753